ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရေကြောင်းလုပ်ငန်းဌာနခွဲ

အကြောင်းအရာ။ **ရေကြောင်းလုပ်ငန်းဌာနခွဲရှိ ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်လိုပါက လိုအပ်မည့် သတင်းအချက်အလက်များ**

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းလုပ်ငန်းဌာနခွဲကို (၅.၆.၂၀၁၃) ရက်စွဲပါ ရုံးတွင်းအမိန့်အမှတ် (၅၁/၂၀၁၃)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ရေကြောင်းလုပ်ငန်းဌာနခွဲ (Shipping Division) ကိုအောက်ပါဌာနစု (၃) ခုဖြင့် ဖွဲ့စည်းထားပါသည် -

(က) **ရေယာဉ်မှတ်ပုံတင်ဌာနစု**
- ပြည်တွင်းရေကြောင်းသွားရေယာဉ်များဌာနစိတ်
- ကမ်းရိုးတန်းနှင့်ငါးဖမ်းရေယာဉ်များဌာနစိတ်
- နိုင်ငံခြားသွားရေယာဉ်များဌာနစိတ်

(ခ) **ရေကြောင်းစီးပွားရေးလုပ်ငန်းဌာနစု**
- ရေကြောင်းစီးပွားရေးလုပ်ငန်းများဌာနစိတ်
- Bareboat Charter ဌာနစိတ်
- ရေကြောင်းစီးပွားမှတ်တမ်းဌာနစိတ်

(ဂ) **ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဌာနစု**
- ခရီးသည်တင်ရေယာဉ်များဌာနစိတ်
- ကုန်/ဆီတင်ရေယာဉ်များဌာနစိတ်
- တွဲ/တွန်းရေယာဉ် နှင့် စက်မဲ့တွဲများဌာနစိတ်

၂။ ရေကြောင်းလုပ်ငန်းဌာနခွဲ ဖွဲ့စည်းပုံအရ ညွှန်ကြားရေးမှူး (၁) ဦး၊ ဒုတိယညွှန်ကြားရေးမှူး (၃)ဦး၊လက်ထောက်ညွှန်ကြားရေးမှူး (၃)ဦး၊ ဦးစီးအရာရှိ (၉)ဦး၊ အမှုထမ်း (ရုံးဝန်ထမ်း)(၁၁၇)ဦး ဖြင့် ဖွဲ့စည်းထားပါသည်။

**ရေကြောင်းလုပ်ငန်းဌာနခွဲ၏ လုပ်ငန်းတာဝန်များ**

၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းလုပ်ငန်းဌာနခွဲရှိ ဌာနစု(၃)ခုသည် ဌာနမှပေးအပ်ထားသည့် လုပ်ငန်းတာဝန်များအပြင် အောက်ပါပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည် -

(က) ရေယာဉ်များမှတ်ပုံတင်ခြင်း၊ ရေယာဉ်အမည်နှင့် နံပါတ်သတ်မှတ်ပေးခြင်းနှင့် ရေယာဉ်ပိုင်ရှင်အမည်ပြောင်းခြင်း

(ခ) လူမပါစင်းလုံးငှား (Bareboat Charter)စနစ်ဖြင့် ရေယာဉ်များအား လုပ်ငန်းလုပ်ကိုင်နိုင်ရန်ဆောင်ရွက်ပေးခြင်း (ယာယီမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးပေးခြင်းနှင့် ပယ်ဖျက်ခြင်း)

(ဂ) SOLAS, Chapter VI, Regulation 2 အရ ကုန်သေတ္တာများ၏ (ကုန်ပစ္စည်းအပါအဝင်)စုစုပေါင်းအလေးချိန်(VGM)ကြေငြာခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအားဆောင်ရွက်ခြင်း

(ဃ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွားစက်တပ်နှင့် စက်မဲ့ရေယာဉ်များလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ခြင်း

**ပြည်တွင်းရေကြောင်းသွားရေယာဉ်များ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ခြင်း**

**ရေယာဉ်အမည်နှင့်မှတ်ပုံတင်နံပါတ်လျှောက်ထားခြင်း**

၄။ ရေယာဉ်ပိုင်ရှင်မှ ရေယာဉ်အမည်သတ်မှတ်ပေးပါရန် ရေကြောင်းလုပ်ငန်းဌာနခွဲသို့ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည် -

(က) ရေယာဉ်အမည် (၅)မျိုးပါ ပိုင်ရှင်လျှောက်လွှာ

(ခ) ပိုင်ရှင်(သန်းခေါင်စာရင်း+မှတ်ပုံတင်)(မိတ္တူ)

(ဂ) အတည်ပြုပြီးရေယာဉ်ပုံစံ(ရေကြောင်းအင်ဂျင်နီယာဌာနခွဲ)

(ဃ) ရေယာဉ်တည်ဆောက်ခွင့်ပြုမိန့်(ရေကြောင်းအင်ဂျင်နီယာဌာနခွဲ)

၅။ ရေကြောင်းအင်ဂျင်နီယာဌာနခွဲမှ ရေယာဉ်အား (ကနဦး) စစ်ဆေးပြီးသောအခါ ရေယာဉ်ပိုင်ရှင်မှ ရေယာဉ်မှတ်ပုံတင်နံပါတ် သတ်မှတ်ပေးပါရန် ရေကြောင်းလုပ်ငန်းဌာနခွဲသို့ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ လျှောက်ထားရမည်-

(က) ပိုင်ရှင်လျှောက်လွှာ

(ခ) ပိုင်ရှင်(သန်းခေါင်စာရင်း+မှတ်ပုံတင်)(မိတ္တူ)

(ဂ ) ရေယာဉ်အမည်ပေးအကြောင်းကြားစာ(ရေကြောင်းလုပ်ငန်းဌာနခွဲ)

(ဃ) အတည်ပြုပြီးရေယာဉ်ပုံစံ(ရေကြောင်းအင်ဂျင်နီယာဌာနခွဲ)

(င ) ရေယာဉ်တည်ဆောက်ခွင့်ပြုမိန့်(ရေကြောင်းအင်ဂျင်နီယာဌာနခွဲ)

(စ) ရေယာဉ်အား(ကနဦး)စစ်ဆေးပြီးကြောင်းထောက်ခံခြင်း(ရေကြောင်းအင်ဂျင်နီယာဌာနခွဲ)

**ရေယာဉ်အမည်ပြောင်းလျှောက်ထားခြင်း**

၆။ ရေယာဉ်ပိုင်ရှင်မှ ရေယာဉ်အမည်ပြောင်းလဲခွင့်ပြုပါရန် ရေကြောင်းလုပ်ငန်းဌာနခွဲသို့ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ရေယာဉ်အမည် (၅)မျိုးပါ ပိုင်ရှင်လျှောက်လွှာ

(ခ ) ပိုင်ရှင်(မှတ်ပုံတင် + သန်းခေါင်စာရင်း)မူရင်း+မိတ္တူ

(ဂ ) လုပ်ငန်းလိုင်စင် (သက်တမ်းရှိ)

(ဃ) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းသက်သေခံလက်မှတ်(သက်တမ်းရှိ)

(င ) ငွေသွင်းချလံ(အမည်ပြောင်း)

**ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလျှောက်ထားခြင်း**

၇။ ရေယာဉ်ပိုင်ရှင်မှ ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုပါရန် ရေကြောင်းလုပ်ငန်း ဌာနခွဲသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ပိုင်ရှင်လျှောက်လွှာ

(ခ ) အရောင်း/အဝယ်စာချုပ်

(ဂ ) ညွှန်ကြားရေးမှူး(ရေကြောင်းလုပ်ငန်း)ရှေ့တွင် ရောင်းသူဝယ်သူ လက်မှတ်ရေထိုးရပါမည်။

(ဃ) မူလရေယာဉ်ပိုင်ရှင်မလာရောက်နိုင်သဖြင့် ဝယ်ယူသူမှ တစ်ဘက်သတ်ပိုင်ရှင်အမည်ပြောင်းလဲမည်ဆိုပါက သတင်းစာတွင် ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲ ခြင်းကြော်ငြာထည့်သွင်းရန်။

(င ) လုပ်ငန်းလိုင်စင်+ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းသက်သေခံလက်မှတ် (မူရင်း+မိတ္တူ)

(စ ) ရောင်းသူ၊ဝယ်သူ(သန်းခေါင်စာရင်း+မှတ်ပုံတင်)မူရင်း+မိတ္တူ

(ဆ) အမည်ပြောင်းငွေသွင်းချလံ

**ရေယာဉ်ပိုင်ရှင်၏ နေရပ်လိပ်စာပြောင်းလျှောက်ထားခြင်း**

၈။ ရေယာဉ်ပိုင်ရှင်မှ နေရပ်လိပ်စာပြောင်းလဲခွင့်ပြုပါရန် ရေကြောင်းလုပ်ငန်းဌာနခွဲသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ပိုင်ရှင်လျှောက်လွှာ

(ခ) ပြောင်းရွှေ့သည့်သန်းခေါင်စာရင်း (မိတ္တူ)

(ဂ) လက်ရှိနေထိုင်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ဃ) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းသက်သေခံလက်မှတ်(မူရင်း)

**စက်မဲ့ကုန်တင်တွဲအသစ်များ CBR နံပါတ် လျှောက်ထားခြင်း**

၉။ ရေယာဉ်ပိုင်ရှင်မှ စက်မဲ့ကုန်တင်တွဲအသစ်အား CBR နံပါတ် သတ်မှတ်ပေးပါရန် ရေကြောင်းလုပ်ငန်းဌာနခွဲသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ပိုင်ရှင်လျှောက်လွှာ (အမည်၊ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာဖော်ပြရန် )

(ခ) ပိုင်ရှင်၏မှတ်ပုံတင်မိတ္တူနှင့်သန်းခေါင်စာရင်းမိတ္တူ

(ဂ) စက်မဲ့ကုန်တင်တွဲတည်ဆောက်ခွင့်ပြုမိန့်

(ဃ) အတည်ပြုပြီးစက်မဲ့ကုန်တင်တွဲနှင့်ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၏ အတည်ပြုပြီးအမှုတွဲ

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းနယ်နိမိတ်အားလုံး သွားလာခွင့်ပြုသည့် လက်မှတ်ထုတ်ပေးထားသော စက်မဲ့ကုန်တင်တွဲများ CBR နံပါတ်လျှောက်ထားခြင်း**

၁၀။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းနယ်နိမိတ်အားလုံး သွားလာခွင့်ပြုသည့် လက်မှတ်ထုတ်ပေးထားသော စက်မဲ့ကုန်တင်တွဲအား CBR နံပါတ်သတ်မှတ်ပေးပါရန် ရေယာဉ်ပိုင်ရှင်မှ ရေကြောင်းလုပ်ငန်းဌာနခွဲသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ပိုင်ရှင်လျှောက်လွှာ (အမည်၊ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာဖော်ပြရန် )

(ခ) မှတ်ပုံတင်မိတ္တူနှင့်သန်းခေါင်စာရင်းမိတ္တူ

(ဂ) ရေကြောင်းအင်ဂျင်နီယာဌာနခွဲမှ ရေယာဉ်အား (ကနဦး) စစ်ဆေးပြီးကြောင်း ထောက်ခံချက်မူရင်း

(ဃ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပေးသည့် ဆိပ်ကမ်းနယ်နမိတ်အားလုံး သွားလာခွင့်ပြုသည့်လက်မှတ်မိတ္တူ

**စက်မဲ့ဆီတင်တွဲ (Oil Barge) များ OB နံပါတ် လျှောက်ထားခြင်း**

၁၁။ ရေယာဉ်ပိုင်ရှင်မှစက်မဲ့ဆီတင်တွဲအား OB နံပါတ် သတ်မှတ်ပေးပါရန် ရေကြောင်းလုပ်ငန်းဌာနခွဲ သို့ အောက်ပါစာရွက် စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ပိုင်ရှင်လျှောက်လွှာ

(ခ ) ပိုင်ရှင်(သန်းခေါင်စာရင်း+မှတ်ပုံတင်)

(ဂ ) ရေကြောင်းအင်ဂျင်နီယာဌာနခွဲ၏ တည်ဆောက်ခွင့်ပြုမိန့်

(ဃ) အတည်ပြုပြီး စက်မဲ့ဆီတင်တွဲ (Oil Barge) ပုံစံ

(င ) ရေကြောင်းအင်ဂျင်နီယာဌာနခွဲမှ ရေယာဉ်အား (ကနဦး) စစ်ဆေးပြီးကြောင်း ထောက်ခံချက်မူရင်း

(စ ) စက်မဲ့ကုန်တင်တွဲ၏ မြစ်တွင်းသွားလာခွင့်လိုင်စင် (စက်မဲ့ကုန်တင်မှ စက်မဲ့ဆီတင်သို့ ပြောင်းသည့် ရေယာဉ်များဖြစ်ပါက)

**နိုင်ငံခြားမှ ဝယ်ယူတင်သွင်းမည့် ကမ်းရိုးတန်းသွား နှင့် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များအတွက် သဘောထားမှတ်ချက်ပေးခြင်း**

၁၂။ နိုင်ငံခြားမှ ဝယ်ယူတင်သွင်းမည့် ကမ်းရိုးတန်းသွားနှင့် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များအတွက် သဘောထားမှတ်ချက်တောင်းခံရာတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ပိုင်ရှင်လျှောက်လွှာ

(ခ) ရေယာဉ်နှင့်သက်ဆိုင်သည့်မှတ်ပုံတင်နှင့်လက်မှတ်များ

(ဂ) Sale Contract

(ဃ) Invoice

(င) ရေယာဉ်ပုံစံ (Drawing)

(စ) ရေယာဉ်၏(ဘေး/ဝဲ/ယာ ၊ ရှေ့/နောက်)ဓါတ်ပုံ

(ဆ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့်ဒါရိုက်တာအဖွဲ့ဝင်များ

**နိုင်ငံခြားမှ ဝယ်ယူတင်သွင်းမည့် Fiber speed boat ရေယာဉ်ငယ်များအတွက် သဘောထားမှတ်ချက်ပေးခြင်း**

၁၃။ နိုင်ငံခြားမှ ဝယ်ယူတင်သွင်းမည့် Fiber speed boat ရေယာဉ်ငယ်များအတွက် သဘောထားမှတ်ချက် တောင်းခံရာတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ပိုင်ရှင်လျှောက်လွှာ

(ခ ) Sale Contract

(ဂ ) Invoice

(ဃ) ရေယာဉ်၏ (ဘေး/ဝဲ/ယာ ၊ ရှေ့/နောက် )ဓါတ်ပုံ

(င ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့်ဒါရိုက်တာအဖွဲ့ဝင်များ

**နိုင်ငံခြားမှဝယ်ယူတင်သွင်းမည့် ရေကြောင်းအထောက်အကူပြု ဆက်သွယ်ရေးပစ္စည်းများအတွက် သဘောထား မှတ်ချက်ပေးခြင်း**

၁၄။ နိုင်ငံခြားမှ ဝယ်ယူတင်သွင်းမည့် ရေကြောင်းအထောက်အကူပြု ဆက်သွယ်ရေးပစ္စည်းများ အတွက် သဘော ထားမှတ်ချက်တောင်းခံရာတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည်-

(က) ပိုင်ရှင်လျှောက်လွှာ

(ခ ) Sale Contract

(ဂ ) Invoice

(ဃ) ဝယ်ယူတင်သွင်းမည့်ပစ္စည်းများနှင့်သက်ဆိုင်သည့်အထောက်အထားများ (မိတ္တူ)

(င ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့်ဒါရိုက်တာအဖွဲ့ဝင်များ

**(Bareboat Charter) စနစ်ဖြင့် ရေယာဉ်များအား လုပ်ငန်းလုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးခြင်း (ယာယီမှတ်ပုံတင်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးပေးခြင်းနှင့် ပယ်ဖျက်ခြင်း)**

**ယာယီမှတ်ပုံတင်အသစ်လျှောက်ထားခြင်း**

၁၅။ လူမပါစင်းလုံးငှား (Bareboat Charter)စနစ်ဖြင့် သင်္ဘောများ အသစ်လျှောက်ထားခြင်း လုပ်ငန်းများအား အောက်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) Bareboat Charter လုပ်ကိုင်ခွင့် (**အပျော်စီးရွက် သင်္ဘော**အပါအဝင်) လျှောက်ထားရာတွင်-

(၁) ကုမ္ပဏီမှ (Bareboat Charter) စနစ်ဖြင့် ငှားရမ်းပြေးဆွဲခွင့်ပြုပါရန် လျှောက် လွှာ

(၂) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူ (FormVI, XXVI အပါအဝင်)

(၃) BARE CON ‘ ‘A” ပုံစံ (Owner နှင့် Charterer လက်မှတ်ရေးထိုးထားသောပုံစံ)

(၄) ကိုယ်စားလှယ်လွှဲစာ (Power of Attorney)

(၅) အလံလွှင့်ထူခွင့်ဆိုင်းငံ့လက်မှတ် (Suspension Certificate, Flag state)

(၆) သင်္ဘောမှတ်ပုံတင်မိတ္တူ(Ship Registry)

(၇) သင်္ဘောပေါ်တွင်ခန့်အပ်မည့် အနည်းဆုံးဝန်ထမ်းအရေအတွက်(Minimum safe manning)

(၈) သင်္ဘောသက်သေခံလက်မှတ်( Class certificate)

(၉) ရေယာဉ်၏ဓါတ်ပုံ (ရှေ့/နောက်/ဝဲ/ယာ)( Ship's Photo from different views)

(၁၀) သင်္ဘောအတိုင်းအထွာအချက်အလက်များ(Ship's Particulars)

(၁၁) သင်္ဘောသားစာရင်း(Crews' List)

(၁၂) အရာရှိများ၏လက်မှတ်များ (Officer's Certificates)

(ခ) **ပြည်တွင်းရေကြောင်းသွားခရီးသည်တင်ရေယာဉ်များ** အတွက် လျှောက်ထားရာတွင် အပိုဒ်(၁)၊ အပိုဒ်ခွဲ(က)ပါ အချက်(၁၂)ချက်အပြင်အောက်ပါအချက်များအားပူးတွဲတင်ပြရပါမည်-

(၁) Safety Construction

(၂) Safety Equipment

(၃) Load Line

(၄) Safety Radio (Radio Station Licence)

(၅) Tonnage

(၆) Passenger Ship Safety Certificate

(၇) ပြည်တွင်းတွင်တည်ဆောက်ပါက တည်ဆောက်ခွင့်ပြုမိန့်အားတင်ပြရန်

(ဂ) **နိုင်ငံခြားသွားကုန်တင်ရေယာဉ်များ** အတွက်လျှောက်ထားရာတွင် အပိုဒ်(၁)၊ အပိုဒ်ခွဲ(က) ပါအချက်(၁၂)ချက်အပြင် အောက်ပါအချက်များအားပူးတွဲတင်ပြရပါမည်-

(၁) Safety Construction

(၂) Safety Equipment

(၃) Load Line

(၄) Safety Radio (Radio Station Licence)

(၅) Tonnage

(၆) I. O. P. P

(၇) I. A . P. P

(၈ ) I . S . P. P

**သက်တမ်းတိုးလျှောက်ထားခြင်း**

၁၆။ လူမပါစင်းလုံးငှား (Bareboat Charter)စနစ်ဖြင့် သင်္ဘောများ သက်တမ်းတိုးလျှောက်ထား ရာတွင်သင်္ဘော၏ယာယီမှတ်ပုံတင် သက်တမ်းမကုန်မီ သုံးလကြိုတင်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းလုပ်ငန်းဌာနခွဲသို့ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ တင်ပြလျှောက်ထားရမည်-

(က) ကုမ္ပဏီမှ (Bareboat Charter မှတ်ပုံတင်လက်မှတ်) နှင့်အတူ သက်တမ်းတိုးမြှင့်ရန်လျှောက်လွှာ

(ခ) သင်္ဘော၏ယာယီမှတ်ပုံတင်လက်မှတ်(Provisional Certificate of Myanmar Registry )မူရင်း

(ဂ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူ (FormVI, XXVI အပါအဝင်)

(ဃ) Bare Con A ပုံစံ (Owner နှင့် Charterer လက်မှတ်ရေးထိုးထားသောပုံစံ)

(င) Ship’s Particulars

(စ) Crews’ list

(ဆ) Officer’s Certificates

(ဇ) Statutory Certificates

**(မှတ်ချက်။သင်္ဘော၏ယာယီမှတ်ပုံတင်လက်မှတ် (Provisional Certificate of Myanmar Registry ) မူရင်းအား သက်တမ်းတိုးလျှောက်ထားချိန်တွင် တင်ပြနိုင်ခြင်းမရှိပါက သက်တမ်းတိုးလက်မှတ်ထုတ်ယူသည့်နေ့တွင် ပြန်လည်အပ်နှံရမည်။)**

၁၇။ မြန်မာနိုင်ငံအလံလွှင့်တင်ပြီး လူမပါသင်္ဘောစင်းလုံးငှားစနစ်ဖြင့် (BareboatCharter) ယာယီမှတ်ပုံတင်ထားသည့် သင်္ဘောများ၏မှတ်ပုံတင်လက်မှတ်ပေါ်ရှိ အချက်အလက်များ ပြင်ဆင်ခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် လျှောက်လွှာနှင့်အတူ ယာယီမှတ်ပုံတင်မူရင်း၊ ပြင်ဆင်လိုသည့် အချက်အလက် များနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ ပူးတွဲတင်ပြ၍လျှောက်ထားရပါမည်။

၁၈။ မြန်မာနိုင်ငံအလံလွှင့်တင်ပြီး လူမပါသင်္ဘောစင်းလုံးငှားစနစ်ဖြင့်(Bareboat Charter) ယာယီမှတ်ပုံတင်ထားသည့် သင်္ဘောများ၏မှတ်ပုံတင်လက်မှတ်များ ပယ်ဖျက်ခြင်းကိစ္စရပ်များအား ဆောင်ရွက်ရန်

(က) ရေယာဉ်အားလုပ်ငန်းလုပ်ကိုင်ခြင်းမှရပ်ဆိုင်းခဲ့သော်-

(၁) ပယ်ဖျက်ခွင့်လျှောက်လွှာ

(၂) ယာယီမှတ်ပုံတင်မူရင်း

(၃) Bareboat Charter Agreement (Bare Con A)

(ခ) ရေယာဉ်အားအပြီးဝယ်ယူခဲ့သော်-

(၁) Provisional Certificate of Myanmar Registry (သင်္ဘော၏ယာယီမှတ်ပုံတင်မူရင်း)

(၂) Flag ဖျက်သိမ်းသောစာမူရင်း(Deletion Certificate)

(၃) ရေယာဉ်နှင့်သက်ဆိုင်သော သက်တမ်းရှိလက်မှတ်များ

(၄) ရေယာဉ်ပုံစံနှင့် ရေကြောင်းအင်ဂျင်နီယာဌာနခွဲမှတည်ဆောက်ခွင့်ပြုမိန့်

(၅) ရေယာဉ်တင်သွင်းထားသည့် Custom Import Declaration မိတ္တူ

(၆) သွင်းကုန်လိုင်စင် မိတ္တူ

(၇) ရေယာဉ်အားဝယ်ယူနိုင်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထောက်ခံစာတို့အားတင်ပြ၍ ရေကြောင်းလုပ်ငန်းဌာနခွဲ၊ညွှန်ကြားရေးမှူးထံသို့ လျှောက်ထားရပါမည်။

**SOLAS, Chapter VI, Regulation 2 အရ ကုန်သေတ္တာများ၏ (ကုန်ပစ္စည်း အပါအဝင်) စုစုပေါင်းအလေးချိန်(VGM)ကြေငြာခြင်းနှင့်စပ်လျဉ်း သည့်ကိစ္စရပ်များ အားဆောင်ရွက်ခြင်း**

၁၈။ SOLAS, Chapter VI, Regulation 2 အရ ကုန်သေတ္တာများ၏ (ကုန်ပစ္စည်းအပါအဝင်) စုစုပေါင်းအလေးချိန်(VGM) ကြေငြာခြင်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လျှောက်လွှာတင်လိုသူများမှ အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) **လျှောက်လွှာတင်ပြခြင်း လုပ်ထုံးလုပ်နည်း(Application Procedure)။** လျှောက်ထားသူများသည် ရှေးဦးစွာပြည့်ပြည့်စုံစုံဖြည့်စွက်ထားသော မှတ်ပုံတင်လျှောက်လွှာပုံစံ (Shipper Registration Form) နှင့်အတူ မိမိတို့အသုံးပြုမည့် ချိန်တွယ်ခြင်း နည်းလမ်းကိုရွေးချယ်ပေးရပါမည်။ ချိန်တွယ်ခြင်းနည်းလမ်းအပေါ် မူတည်၍ တင်ပြရမည့်စာရွက် စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**နည်းလမ်း(၁)အသုံးပြုသူများသည်-**

(၁) ကုမ္ပဏီအမည်အပြည့်အစုံနှင့် ရုံးချုပ်လိပ်စာ

(၂) တာဝန်ခံပုဂ္ဂိုလ်များ၏အမည် (Operation Director/Logistics Personnel etc.)

(၃) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ( Form VI, XXVI )

(၄) တာဝန်ခံပုဂ္ဂိုလ်၏ မှတ်ပုံတင်ကဒ်မိတ္တူ

(၅) ကုန်သေတ္တာ၏ VGM အလေးချိန်ကိုချိန်တွယ်သည့် ကိရိယာ၏ Calibration and Verification Certificate မိတ္တူတို့ကို ပူးတွဲတင်ပြရမည်ဖြစ်သည်။

**နည်းလမ်း(၂) အသုံးပြုသူများသည် အထက်ပါအချက်(၅)ချက်နှင့်အတူ အောက်ပါအတိုင်းကို ပူးတွဲတင်ပြပေးရမည်ဖြစ်သည်-**

(၁) အသုံးပြုသော ချိန်တွယ်နည်းလမ်း

(၂) မည်သည့်ချိန်တွယ်ကိရိယာအားအသုံးပြုကြောင်း(Scales, eighbridge etc.)

(၃) ချိန်တွယ်ကိရိယာအား ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းစဉ်

(၄) ကွဲလွဲမှုရှိခဲ့ပါက ရှင်းလင်းတင်ပြသော လုပ်ငန်းစဉ်

(၅) ကိရိယာ၏အမှားအယွင်းကြောင့် ဖြစ်ပေါ်လာသော ကြန့်ကြာမှုများအား တင်ပြသောမှတ်တမ်း

(၆) VGMချိန်တွယ်ရာတွင် အသုံးပြုသော ပစ္စည်းများနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ

(၇) ချိန်တွယ်ကိရိယာကိုအသုံးပြုမည့်သူများအားလေ့ကျင့်သင်ကြား ပေးမှုအစီအစဉ်

(၈) Quality Management System နှင့်အညီ စစ်ဆေးထားသော Certificates မိတ္တူ (သို့မဟုတ်) အလားတူ Certificates မိတ္တူ

**မှတ်ချက်။** အကယ်၍လျှောက်ထားသူသည် နိုင်ငံခြားသားဖြစ်ပါက ( Passport ) မိတ္တူနှင့်မြန်မာနိုင်ငံတွင် နေထိုင်ကြောင်း (Stay Permit)တို့ကို ပူးတွဲတင်ပြရမည်ဖြစ်ပြီးမြန်မာနိုင်ငံသားအား ကိုယ်စားလှယ်လွှဲအပ်မည်ဆိုပါက Special Power of Attorney နှင့်အတူကိုယ်စားလှယ်လွှဲအပ်စာပါရှိရမည် ဖြစ်ပါသည်။

၁၉။ အထက်ပါ လျှောက်လွှာတင်ခြင်း လုပ်ထုံးလုပ်နည်းများအား ပြည့်စုံစွာဆောင်ရွက်ပြီး ထောက်ခံချက်ရရှိပါက အသိအမှတ်ပြု ကုန်စည်တင်ပို့သူ (Approved Shipper) အဖြစ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သက်တမ်း(၂)နှစ်ရှိသော မှတ်ပုံတင်လက်မှတ်အား ထုတ်ပေးမည်ဖြစ်သည်။ ကုန်စည်တင်ပို့သူ (Shipper) များအနေဖြင့် ၎င်းတို့၏အခန်းကဏ္ဍကို တာဝန်ကျေပွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ / မရှိကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်သည်။ လိုအပ်ပါကကွင်းဆင်းစစ်ဆေးခြင်း on-site inspections / spot-checks များဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍ မိမိတင်ပို့မည့် ကုန်သေတ္တာ၏ VGM အလေးချိန်ကို ချိန်တွယ်ရရှိပြီးပါက Carrier ထံသို့တင်ပြသော VGM Certificate (မိတ္တူ)နှင့်တကွ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထားသည့်ပူးတွဲပါ Shipper's Verified Gross Mass (VGM) Declaration Document ပုံစံအား သေချာတိကျစွာ ဖြည့်စွက်၍ ၂၄နာရီအတွင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်း

လုပ်ငန်းဌာနခွဲ Emailလိပ်စာ (dma. maritimecommercial@gmail.com) သို့ လိပ်မူ ပေးပို့ရမည်ဖြစ်ပါသည်။ အသေးစိတ် သတင်းအချက်အလက်များ လေ့လာရန်နှင့် လိုအပ် သောစာရွက်စာတမ်းများအား **www.dma-mm.org** website တွင် Download ရယူနိုင် ပါသည်။ **website Link** မှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

**www.dma-mm.org** သို့သွားပါ။

(၁) "Notice" ကိုနှိပ်ပါ။ထို့နောက် ဘယ်ဘက်တွင် "Guidance"ကိုရွေးပါ။ Marine Guidance (1/2016)ကို Download ရယူပါ။

(၂) "Notice" ကိုနှိပ်ပါ။ထို့နောက်ဘယ်ဘက်တွင် "Notice" ကိုရွေးပါ။ ကြေငြာချက် (၂/၂၀၁၆)နှင့် ကြေငြာချက် (၃/၂၀၁၆)တို့ကို Download ရယူပါ။

## မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်နှင့် စက်မဲ့ရေယာဉ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ခြင်း

## လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် အသစ်လျှောက်ထားခြင်း

၂၀။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ၊ ရေကြောင်းလုပ်ငန်းဌာနခွဲ ၊ ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ဌာနစုမှ ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား ကုန်တင်နှင့် ဆီတင်ရေယာဉ်များ၊ တွဲတွန်း/တွဲဆွဲရေယာဉ်များ၊ စက်မဲ့ကုန်တင်ရေယာဉ်များ၊ စက်မဲ့ဆီတင် ရေယာဉ်များ နှင့် ခရီးသည်တင် ရေယာဉ်များအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဆောင်ရွက်ပေး လျှက်ရှိပါသည်။လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အသစ်လျှောက်ထားရာတွင်အောက်ပါ စာရွက်စာတမ်း များနှင့်အတူ လျှောက်ထားရမည် -

(က) ရေယာဉ်မှတ်ပုံတင်နှင့် သက်ဆိုင်ရာသက်သေခံလက်မှတ်များ (မူရင်း/မိတ္တူ)

(ခ) ရေယာဉ်ပိုင်ရှင်များအသင်း၏ အသင်းဝင်ရေယာဉ်ဖြစ်ကြောင်း ထောက်ခံချက် ၊

(ဂ) ခရီးသည်တင်ရေယာဉ်ဖြစ်ပါက ခရီးစဉ်အတွက် သက်ဆိုင်ရာ ခွင့်ပြုချက်များနှင့် လုပ်ငန်းစီမံချက် ၊

(ဃ) စက်မဲ့တွဲရေယာဉ်ဖြစ်ပါက စက်မဲ့တွဲ၏ဓါတ်ပုံ ၃ ပုံ (ရှေ့၊နောက်၊ လက်ယာဘေး တစ်ပုံစီ)

(င) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး ရေယာဉ်ဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသ ကြီးများရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ရုံးများမှ ရေယာဉ်အား ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းအတွက်သာ အသုံးပြုကြောင်း ထောက်ခံချက်၊

(စ) ပိုင်ရှင်၏ နိုင်ငံသား စိစစ်ရေးကဒ်ပြား နှင့် သန်းခေါင်စာရင်း (မိတ္တူ) ၊

(ဆ) ရေယာဉ်ပိုင်ရှင်သည် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)

**လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် သက်တမ်းတိုးလျှောက်ထားခြင်း**

၂၁။ လုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည် ဖြစ်ပါသည်-

(က) ယခင်နှစ်က ထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင် အပိုင်း(၁)နှင့် အပိုင်း(၂)

(ခ) ရေယာဉ်မှတ်ပုံတင်နှင့် သက်ဆိုင်ရာ သက်သေခံလက်မှတ်များ (မူရင်း/မိတ္တူ)

(ဂ) ရေယာဉ်ပိုင်ရှင်အသင်းထောက်ခံချက်

**ရေယာဉ်ပိုင်ရှင် အမည်နှင့် နေရပ်လိပ်စာ ပြောင်း လျှောက်ထားခြင်း**

၂၂။ ရေယာဉ်ပိုင်ရှင် အမည်နှင့် နေရပ်လိပ်စာပြောင်း လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည် -

(က) ရေယာဉ်မှတ်ပုံတင်နှင့် သက်ဆိုင်ရာသက်သေခံလက်မှတ်များ (မူရင်း/ မိတ္တူ) (ရေယာဉ်မှတ်ပုံတင် နှင့် သက်ဆိုင်ရာ လက်မှတ်များတွင် ပိုင်ရှင်အမည် နှင့် နေရပ်လိပ်စာ ပြောင်းပြီး ဖြစ်ရမည်)

(ခ) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် သန်းခေါင်စာရင်း(မိတ္တူ)

(ဂ) သက်တမ်းရှိသော လုပ်ငန်းလိုင်စင်အပိုင်း(၁)နှင့် အပိုင်း (၂)

**ရေယာဉ်အမည် နှင့် ရေယာဉ်အမျိုးအစား ပြောင်း လျှောက်ထားခြင်း**

၂၃။ ရေယာဉ် အမည်နှင့် ရေယာဉ်အမျိုးအစား ပြောင်း လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည် -

(က) ရေယာဉ်မှတ်ပုံတင်နှင့် သက်ဆိုင်ရာသက်သေခံလက်မှတ်များ (မူရင်း/ မိတ္တူ) (ရေယာဉ်အမည် နှင့် ရေယာဉ်အမျိုးအစားပြောင်းလဲပြီးဖြစ်ရမည်။)

(ခ) သက်တမ်းရှိသောလုပ်ငန်းလိုင်စင် အပိုင်း(၁)နှင့်(၂)

**လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မိတ္တူ လျှောက်ထားခြင်း (Duplicate)**

၂၄။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မိတ္တူ လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများနှင့် အတူလျှောက်ထားရမည် -

(က) ပျက်စီး/ဟောင်းနွမ်းသဖြင့် မိတ္တူ အသစ် လျှောက်ထားပါက မူလ လုပ်ငန်းလိုင်စင် အဟောင်း၊

(ခ) ပျောက်ဆုံးပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပျောက်ဆုံးကြောင်းထောက်ခံချက်၊

(ဂ) ပျောက်ဆုံးကြောင်း သတင်းစာ ကြော်ငြာစာ ၊ (သတင်းစာတွင် ကြော်ငြာထည့်ပြီး **ရက်ပေါင်း (၃၀)** ပြည့်မှ မိတ္တူထုတ်ပေးရန်။)

**လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဖျက်သိမ်းလျှောက်ထားခြင်း**

၂၅။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်း လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားရမည် -

(က) **လုပ်ငန်းမလုပ်ကိုင်လို၍ ဖျက်သိမ်းခြင်းဖြစ်ပါက-**

(၁) သက်တမ်းရှိလုပ်ငန်းလိုင်စင် အပိုင်း (၁) နှင့် (၂) အား တင်ပြရမည်။ (သက်တမ်းလွန်ပါကဒဏ်ကြေးပေးဆောင်ရန်)

(၂) ပျက်စီးသောရေယာဉ်ဖြစ်ပါက လုံလောက်သော ထောက်ခံချက် တင်ပြရန်၊

(ခ) **နစ်မြုပ်/ပျက်စီး/ရောင်းချသဖြင့် ဖျက်သိမ်းခြင်းဖြစ်ပါက-**

(၁) နစ်မြုပ်ပျက်စီးကြောင်း အထောက်အထား ၊

(၂) ရောင်းချခြင်းဖြစ်ပါက အရောင်းအဝယ်စာချုပ်

**အခြားပြောင်းလဲခြင်းများ လျှောက်ထားခြင်း**

၂၆။ အခြားပြောင်းလဲခြင်းများလျှောက်ထားရာတွင်အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက် ထားရမည် -

(က) သက်တမ်းရှိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် အပိုင်း (၁) နှင့် အပိုင်း (၂) (သက်တမ်းလွန် / ပြတ် ဖြစ်ပါက ဒဏ်ကြေး ပေးဆောင်၍ သက်တမ်းတိုးအသစ် လဲလှယ်ပြီးမှ ဆက်လက်ဆောင်ရွက်ရန်)

(ခ) ရေယာဉ်မှတ်ပုံတင်နှင့် သက်ဆိုင်ရာသက်သေခံလက်မှတ်များ (မူရင်း/ မိတ္တူ)

**ယာယီပို့ဆောင်ခွင့်လျှောက်ထားခြင်း**

၂၇။ လုပ်ငန်းလိုင်စင်အသစ်လျှောက်ထားဆဲကာလတွင် ယာယီ အသုံးပြုနိုင်ရန်လျှောက်ထားနိုင်သည်။ ယာယီလုပ်ငန်းလိုင်စင်၏ **သက်တမ်းမှာရက်ပေါင်း(၃၀)**ဖြစ်သည်။

၂၈။ အထက်ပါဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ သိလိုသည်များအား စုံစမ်းမေးမြန်းလိုပါက အောက်ပါတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

**ရုံးလိပ်စာ** - အမှတ်၊ ၃၆၃/၄၂၁ ၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

Website - www.dma-mm.org

Email **လိပ်စာ** - dma.maritimecommercial@gmail.com

**ဆက်သွယ်ရန် ဖုန်း/ဖက်စ်နံပါတ်**- ၀၁ ၂၉၆၈၁၇